ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက် (၆/၂၀၁၅)

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်

၁၃၇၆ ခု၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

ကိုးကန့်ဒေသ တည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းထုတ် ပြန်ခြင်း။

၁။ ကိုးကန့်ဒေသတွင် ကိုးကန့်တိမ်းရှောင် အဖွဲ့နှင့် အခြားလက်နက်ကိုင် အဖွဲ့များ၏ လက်နက်ကိုင် တိုက်ခိုက် မှုများသည် ဒေသခံ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်နှင့် ဒေသ၏ လုံခြုံရေးနှင့် တည်ငြိမ် ရေးတို့ကို ထိခိုက် စေခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ရန်နှင့် နယ်မြေ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းသာယာရေးနှင့် ထိန်းသိမ်းရန်တို့အတွက် လက်နက်ကိုင် တိုက်ခိုက်မှုများ ပြုလုပ် လာသည့် ကိုးကန့်တိမ်းရှောင်အဖွဲ့နှင့် အခြားလက်နက်ကိုင်အဖွဲ့များကို နယ်မြေရှင်းလင်းမှုများ ဆောင်ရွက် လျက်ရှိပါသည်။

၃။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရနှင့် တပ်မတော်အနေဖြင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ် လုံခြုံမှုရှိရေးနှင့် ကိုးကန့်ဒေသတွင် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု ရှိရေးတို့အတွက် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို ဆောင်ရွက် သွားမည်ဖြစ် ပါသည်။

၄။ မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ နယ်စပ် ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန် အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

http://www.moi.gov.mm/zg/?q=announcement/16/02/2015/id-4111